

သရဲကြီး အတာ
ပန်းကိုးပွင့် စာအုပ်တိုက်

## အပိုင်း (၁)

(လွတ်လပ်ရေးကာလ...)

အညာဒေသရှိ ဆီမီးရွာကလေး၏ နွေကာလဟာ သူရိန်နေမင်းနှင့် အပြိုင် တောက်ပစွာ သက်ဝင်လှုပ်ရှားနေတယ်...။

ရွာဝင်လမ်းအတိုင်း တရွေ့ရွေ့မောင်းနှင်သွားတဲ့ လှည်းယဉ်ကျော့ တစ်စီး။

ထိုလှည်းပေါ်မှာ တော့ ပိုးပျော့လုံချည်၊ ဇာအင်္ကျီပါးကလေးနဲ့ မြို့ဆန်စွာ ဝတ်ဆင်ခြယ်သ ထားတဲ့ အသက်နှစ်ဆယ်ကျော် အရွယ် အမျိုးသမီးတစ်ဦး။

လှည်းနောက်မှာ တော့ နွမ်းဖတ်ဖတ်အဝတ်အစားနဲ့ လူငယ်တစ်ယောက်အမျိုးသမီးက နံ့သာယပ်တောင်လေးကို တဖျတ်ဖျတ်ခပ်ရင်း...

"ပူလိုက်...အိုက်လိုက်တာနော်၊ လှည်းကလဲ မြန်မြန်မောင်းစမ်းပါ၊ အိမ်ရောက်ချင်လှပြီ၊ ဟဲ့...စံဖေ...သွား... နင်အိမ်ကို ပြေးပြောထားစမ်း၊

ငါပြန်လာတာကို အိပ်ရာပြင်ထားလို့ ငါနားချင် လှပြီ "

လို့ လှမ်းပြောလိုက်တယ် ။

လှည်းနောက်ထိုင်နေတဲ့ ကောင်လေးဟာ သူမရဲ့ အပြောကြောင့် လှည်းပေါ်က ခုန်ဆင်းပြီး ပြေးထွက်သွားတော့တယ်..။

အပြေးတပိုင်းလာနေတဲ့ စံဖေ တွေ့မြင်တဲ့ ရွာသူတစ်ယောက်က ....

"အလို ..ငစံဖေ ပါလား.၊နင်တို့ မြို့က ပြန်လာကြပြီပေါ့။ နင် ဘာလို့ ပြေးနေတာလဲဟဲ့။ သူကြီးအိမ်က ထွက်မပြေးပါဘူးတော်...."

လို့ လှမ်းစကားဆိုတယ်..။

" မဟုတ်ဘူး ..မတုတ်ရဲ့ ၊ သူကြီးသမီး ခရီးပန်းလာတယ်လေဗျာ။ ဒါကြောင့်အိမ်အရင်သွားပြီး ပြင်ဆင်ခိုင်းမလို့ ဗျ ..."

" ဟင်..သူကြီးသမီးတောင် ပြန် လာပြီပေါ့ ။မြို့က ဘာတွေများ အဆန်းအထွေပါသလဲ ငစံဖေရ "

မတုတ်ရဲ့ စပ်စုစကားကြောင့် စံဖေက ....

"ပါလာတာတော့ အများကြီးပဲ၊ အဆန်းအထွေကတော့ ရွှေတစ်ဆုပ်ပါတယ် ပြောတာပဲဗျ...သွားပြီဗျို့..."

စံဖေက အလျင်စလိုပြောပြီး ဆက်ပြေးသွားလိုက်တယ်။

မတုတ်ဟာ မျက်လုံးထောင့်ကပ် စဉ်းစားဟန်ပြုရင်း....

"ရွှေတစ်ဆုပ်...ရွှေတစ်ဆုပ်... ဒါသတင်းထူးပဲ.၊ ယောင်းမတွေဆီ အမြန်သွားပြောချေမှ "

လို့ တွေးပြီး အပေါင်းအသင်းတွေရှိရာ ဆီ ဦးတည်လိုက်တော့တယ်။

ရွာလယ် ရက်ကန်းစင်ရှိ ရွာသူတွေဟာ မတုတ်ရဲ့ သတင်းကြောင့်

"သူကြီးသမီး ရွှေဝယ်လာတယ်ဆိုတော့ ပုံဆန်းတွေ မြင်ရချေသေးရဲ့ ။ ဟိုတစ်ခါ သူမြို့က ပါလာတဲ့ ဒေါင်းဘယက်ကြီးဆို လှချက်ကကမ်းကုန်တော် "

"ကျုပ်တို့ ငမွဲတွေ အဖို့ သူကြီးသမီး မြို့က ဝယ်ခြမ်းလာတဲ့ ဟာတွေကြည့်ပြီး သွားရည်ယိုတဲ့ ဘဂနဲ့ ကျေနပ်နေရတာ မဟုတ်လား။

လာကြအေ...တောင်ပိုင်းက အေးစိန်တို့ ဆီသတင်းပို့ရင်း သူကြီးအိမ်က သွားကြိုရအောင်အေ့..."

ဒီနောက်မှာ တော့ ရွာသူတစ်သိုက်နဲ့ ရွာသားတစ်ချို့ဟာ သူကြီးအိမ်ဘက် ချီတက်သွားကြတော့တယ်။

***

## အပိုင်း (၂)

သူကြီး ဦးပွင့်တစ်ယောက် နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးရဲ့ အပေါ်ထပ်က လှမ်းကြည့်ရင်း မျက်လုံးပြူးသွားတယ်။

ဒါ့ကြောင့် ဆေးပြင်းလိပ်ကြီးကို ပါးစပ်က ဖယ်လိုက်ပြီး

"ဟေ့ …လူတွေ များ လှချည်လားကွ ။ ငါ့ဝိုင်းထဲ ဘာလာလုပ်ကြတာတုံးဟ…"

လို့ လှမ်းမေးလိုက်တယ်….။

ဒီအချိန်မှာ ပဲ စံဖေ ဝိုင်းထဲ ရောက်လာသလို ရွာသားတစ်ယောက်က …

"သူကြီးသမီး မြို့က ပြန် လာပြီဗျ၊ထုံးစံအတိုင်းပေါ့ သူကြီးရာ…ဟဲ …ဟဲ..။ကျုပ်တို့ မြို့က ပါလာမယ့်အထူးအထွေလေးတွေ လာကြည့်ကြတာပါ "

လို့ မော့ကြည့်ရင်း ပြောလိုက်တယ်..။

သူကြီးဦးပွင့်က ဆေးပြင်းလိပ်ကြီး ပြန်ခဲရင်းက …

"အိမ်း.. မင်းတို့ လည်း တယ်ခက်ကြသကိုး၊ ငါ့သမီး မြို့က ပြန်လာတိုင်း စပ်စုကြတာ အမောပဲဟေ့….ဒုက္ခ… ဒုက္ခ "

လို့ ရေရွတ်ပြီး အိမ်ထဲပြန်ဝင်သွားတယ် ။

ဒီအချိန်မှာ ပဲ လှည်းယဉ်ဟာ ခြံဝိုင်းထဲ မောင်းဝင်လာတယ်.။

ရွာသူတွေဟာ လှည်းအနီး ဝိုင်းအုံသွားပြီး……

"ဟယ် ပွင့်မော်တို့ မြို့က ပြန်လာတာများ အသားတွေ ပိုဖြူလာတယ်တော့၊ မျက်နှာလေးကို နုဖတ်လို့ ဟော့.."

လို့ မြှောက်ပင့်စကား ဆိုကြကုန်တယ်။

ပွင့်မော်က လှည်းပေါ်က ဆင်းလိုက်ရင်း….

"အပိုတွေတော်..တော်တို့ လာတာ ကျုပ်သိပါတယ်၊ ပစ္စည်းတွေလာကြည့်ကြတာ မဟုတ်လား "

လို့ ပြောပြီး ကွပ်ပျစ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။

"ဟီဟိ…ဒါလည်း ဟုတ်ပါတယ်အေ၊ကျုပ်တို့ က ညည်းလို မြို့မသွားနိုင်ဘူးလေ၊နင် ဝယ်ခြမ်းလာတာလေးတွေပဲ သွားရည်ယိုရတာဟ၊ ဘာတွေ ပါလဲဟင် "

ရွာသူတွေရဲ့ အမေးကြောင့် စံဖေက အထုပ်ပိုးတွေကို လှည်းပေါ်က ချပေးလိုက်တယ်။ ရွာသူတစ်သိုက်က အထုပ်အပိုးတွေ ပြည့်နေတဲ့ ပွင့်မော်ရဲ့ လက်ကို စိတ်လှုပ်ရှားစွာငေးစိုက် ကြည့်နေကြတယ်။

ရွာအဝင်မှာ စံဖေ နဲ့ တွေ့ခဲ့တဲ့ မတုတ်က….

"နင် ရွှေတစ်ဆုပ် ပါလာတယ်ဆို ၊အဲဒါလေးပဲ အရင်ပြစမ်းပါအေ "

လို့ တောင်းဆိုလိုက်တယ်။

သူကြီးသမီး ပွင့်မော်က လက်ဆွဲအိတ်ထဲကနေ အထည်စတစ်ထပ်ကြီးဆွဲထုတ်လိုက်တယ်။ အဆင်တူပေမဲ့ အရောင်ကွဲတဲ့ အထည်စတွေ ။

"နင်ကလည်း ဟာ ရွှေအရင်ပြပါဆို၊အထည်တွေ ပြနေတယ် …."

"ဟောတော်...မတုတ်ပဲ ရွှေတဆုပ် ပြဆို၊ရွှေတစ်ဆုပ်ဆိုတာ ခုမှ မြို့မှာ နာမည်ကြီးနေတဲ့ အထည်စရှင့် "

ပွင့်မော် ရဲ့ စကားကြောင့် ရွာသူတွေက မျက်လုံးအပြူးသားနဲ့ ...

"ဟင်..ရွှေတစ်ဆုပ် ပါလာတယ်ဆိုတာနင်ရွှေဝယ်လာတာ မဟုတ်ဘူး လား၊အထည်စကြီးအေ.."

"ရွှေကတော့ လက်ကောက် နှစ်ရံ လုပ်ခဲ့တယ်၊မြို့က ပန်းထိမ်မှာ ပဲ အပ်ထားတုန်းရှင့်၊ရွှေတစ်ဆုပ်ဆိုတာ ဒီအထည်စတွေပဲ..ဒီမှာ ကြည့်ကြ ..."

ပွင့်မော်က ပြောပြောဆိုဆို အထည်တစ်စကို ယူပြီး လက်ထဲလုံးချေပစ်လိုက်တယ်။ ရွာသူတွေဟာ သူမ လုပ်ပြတာကို မျက်တောင်ခတ်စတမ်း ငေးစိုက်ကြည့်နေကြတယ်။

"ဟောမှာ တွေ့လား....ခုလို လုံးချေလိုက်တော့လက်တစ်ဆုပ်စာလေးပဲ ရှိတယ်လေ၊ အထည်မှာ ရွှေမှုန်တွေလည်း ပါတယ်။ ဒါ့ကြောင့် သူ့ကို ရွှေတစ်ဆုပ်လို့ ခေါ်တာရှင့် "

"အေး...ဟုတ်ပါရဲ့ ...တကယ့်ကိုလက်တစ်ဆုပ်စာပဲရှိတာကိုး၊ ဒီအထည်စမျိုး မကြုံဖူးပေါင်တော်၊ လက်လှည့်ပွဲ ကြည့်နေရသလိုပဲ.."

"ဩော်...ရွှေတစ်ဆုပ်...ရွှေတစ်ဆုပ်၊ရွှေထည်တွေ မဟုတ်ပဲ အထည်စကြီးပဲ၊ လုံးချေပစ်လိုက်ပုံများ လက်တစ်ဆုပ်စာပဲ ရှိတာ ..အံ့ချက်တော် ၊ ဒါလည်း ထူးဆန်းတဲ့ အထည်စပဲအေ့၊ မြောက်ပိုင်းက ကောင်မတွေကို ရွှေတစ်ဆုပ်အကြောင်း ဖောက်သည် ချရချည်သေးရဲ့ "

***